# ဓမ္မခန္ဓာ (၆၉) ပရမတ္ထသစ္စာ (အလ်–ဟာက်ကာတ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၈)၊ သုတ်ဒေသနာ (၅၂)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **الْحَاقَّةُ۞**<br>ပရမတ္ထသစ္စာ– |
| ၂။ | **مَا الْحَاقَّةُ۞**<br>ပရမတ္ထသစ္စာသည် မည်သည်နည်း– |
| ၃။<br>☆၆၉း၅၁ | **وَمَا أَدْرَاكَ مَا الْحَاقَّةُ۞**<br>ပရမတ္ထသစ္စာသည် မည်သည် ဖြစ်ကြောင်း သင့်အား မည်သည်က မျှော်မြင်စေနိုင်သနည်း။☆ |
| ၄။ | **كَذَّبَتْ ثَمُودُ وَعَادٌ بِالْقَارِعَةِ۞**<br>သမု–ဒ်နှင့် အာ့ဒ်တို့သည် ကပ်ကြီးဆိုက်မည်ကို ငြင်းဆန်ခဲ့၏။ |
| ၅။ | **فَأَمَّا ثَمُودُ فَأُهْلِكُوا بِالطَّاغِيَةِ۞**<br>သမု–ဒ်များ၊ သူတို့သည် စံချိန်ချိုး[၁၀၇၅] ပျက်စီးတိမ်ကောရလေပြီ။ |
| ၆။ | **وَأَمَّا عَادٌ فَأُهْلِكُوا بِرِيحٍ صَرْصَرٍ عَاتِيَةٍ۞**<br>အာ့ဒ်တို့မှာမူ– သူတို့သည် ဒေါသထန်သော ဖျက်ဆီးသည့် မုန်တိုင်းအားဖြင့် ပျက်စီးတိမ်ကောခဲ့ရ၏။ |
| ၇။ | **سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَثَمَانِيَةَ أَيَّامٍ حُسُومًا فَتَرَى الْقَوْمَ فِيهَا صَرْعَى كَأَنَّهُمْ أَعْجَازُ نَخْلٍ خَاوِيَةٍ۞**<br>၎င်းအား သူတို့အပေါ်သို့ ခုနစ်ညနှင့် ရှစ်ရက်တိုင် အဆက်မပြတ် တိုက်ခိုက်စေခဲ့၏။ သို့ဖြစ်၍ သင်သည် ထိုလူမျိုးတို့၏ ပြိုလဲနေမှုကို မြင်တွေ့ခဲ့ရလျှင် စွံပလွန်ပင် ပင်စည်များ ဖရိုဖရဲ ဖြစ်ကဲ့သို့ ဖြစ်နေလတ္တံ့။ |
| ၈။ | **فَهَلْ تَرَى لَهُم مِّن بَاقِيَةٍ۞**<br>သူတို့မှ အစအနကိုပင် သင် တွေ့မိသလော။ |
| ၉။<br>☆၁၁း၈၂ | **وَجَاء فِرْعَوْنُ وَمَن قَبْلَهُ وَالْمُؤْتَفِكَاتُ بِالْخَاطِئَةِ۞**<br>ထို့ပြင် အလှည့်ရောက်လာသော ဖာရိုး၊ သူ့မတိုင်မီ သူများနှင့် အပြစ်သင့်မြို့သားများသည်☆ မိစ္ဆာမှု၌ ရှိခဲ့ကြ၏။ |

---

**(၁၀၇၅)** သမု–ဒ် လူမျိုးတို့သည် လျှောင်ကြီး လှုပ်၍ ပျက်စီးတိမ်ကောခဲ့ရကြောင်းကို ၇း၇၈ တွင် ဖေါ်ပြထားပေသည်။ သူတို့၏ ပျက်စီးရခြင်းကို ဤနေရာ၌ **တွာဂီးယတ်ဟ်** ဟု သုံးထားပေရာ– ၎င်းသည် **တွဂါဟ်** စံချိန်သတ်မှတ်ချက်ကို ဖေါက်ဖျက်သည်၊ စည်းဖျက်သည် ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် သူတို့၏ ပျက်စီးရမှုမှာ သူတို့မတိုင်မီ မျိုးဆက်များ ပျက်စီးရခြင်းထက် ပိုမို၍ စံချိန်တင်နိုင်ခဲ့ပေသည်။ တနည်းအားဖြင့် ရှေးမှ မှတ်တမ်းစံချိန်များကို ချိုးဖျက်နိုင်ခဲ့ပေသည်။

| | |
|---|---|
| ၁၀။ | **فَعَصَوْا رَسُولَ رَبِّهِمْ فَأَخَذَهُمْ أَخْذَةً رَّابِيَةً**۞<br>သူတို့သည် ကံကြမ္မာရှင်၏ ဥဏ်စဉ်ဆောင်များအား အာခံကြ၏။ သို့ဖြစ်၍ သူတို့အား အရှိန်ပြင်းသော ဖမ်းဆီးခြင်းဖြင့် ဖမ်းဆီးသုတ်ငင်လိုက်၏။ |
| ၁၁။<br>သဘော် | **إِنَّا لَمَّا طَغَى الْمَاء حَمَلْنَاكُمْ فِي الْجَارِيَةِ**۞<br>ကေန်ပင် ရေသည် စံချိန်ချိုးလာသော အခါ၊ ငါသည် သင်တို့အား **စီးမြောစေရာ**၌ တင်ဆောင်ခဲ့သည်မှာ– |
| ၁၂။ | **لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَتَعِيَهَا أُذُنٌ وَاعِيَةٌ**۞<br>သင်တို့အတွက် သတိရနေစေရန် ဖြစ်၏။ နားရှိသူများ မှတ်သားလိုက မှတ်သားနိုင်ရာ၏။ |
| ၁၃။ | **فَإِذَا نُفِخَ فِي الصُّورِ نَفْخَةٌ وَاحِدَةٌ**۞<br>သို့ဖြင့် သဏ္ဍာန်တို့အား တစ်ကြိမ်တစ်ခါ အသက်သွင်းခြင်းဖြင့် အသက်သွင်းသောအခါ။ |
| ၁၄။ | **وَحُمِلَتِ الْأَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَاحِدَةً**۞<br>မြေကမ္ဘာနှင့် တောင်တန်းတို့အား သယ်ဆောင်လျက် တစ်ကြိမ်တစ်ခါ ခြေမွခြင်းဖြင့် ခြေမွပစ်သောအခါ။ |
| ၁၅။ | **فَيَوْمَئِذٍ وَقَعَتِ الْوَاقِعَةُ**۞<br>ထိုနေ့ကာလ၌ အဖြစ်အပျက်ကြီး ဖြစ်ပျက်ရလတ္တံ့။ |
| ၁၆။ | **وَانشَقَّتِ السَّمَاء فَهِيَ يَوْمَئِذٍ وَاهِيَةٌ**۞<br>ကောင်းကင်ယံသည် ကြေမွလျက်၊ ထိုနေ့ကာလ၌ ၎င်းသည် ကွပ်ဆတ်နေလတ္တံ့။ |
| ၁၇။<br>☆၁၀း၃ | **وَالْمَلَكُ عَلَى أَرْجَائِهَا وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمَانِيَةٌ**۞<br>နိမိတ်ဆောင်တို့သည် ၎င်း၏ ပတ်လည်၌ ရှိ၍၊ ထိုနေ့ကာလ၌ သူတို့၏ အပေါ်မှ ကံကြမ္မာရှင်၏ ထပ်ဆင့်ကွပ်ကဲခြင်း☆ နံ့ပါတ်ရှစ်ကို ထမ်းရွက်ရကြလတ္တံ့။[၁၀၇၆] |
| ၁၈။ | **يَوْمَئِذٍ تُعْرَضُونَ لَا تَخْفَى مِنكُمْ خَافِيَةٌ**۞<br>ထိုနေ့ကာလ၌ အသင့်ရောက်ရှိရလတ္တံ့၊ သင်တို့အနက် ဖုံးဖိထားနိုင်သော ဖုံးဖိထားနိုင်ရာဟု မရှိချေ။ |
| ၁၉။ | **فَأَمَّا مَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ فَيَقُولُ هَاؤُمُ اقْرَؤُوا كِتَابِيَهْ**۞<br>သူ၏ မှတ်တမ်းအား သူ၏ လက်ျာလက်သို့ ပေးခံရအံ့၊ သူက ပြောမည်မှာ "ကျွန်ုပ်စာအုပ်အား ဖတ်ကြည့်လော့၊– |
| ၂၀။ | **إِنِّي ظَنَنتُ أَنِّي مُلَاقٍ حِسَابِيَهْ**۞<br>–ကျွန်ုပ်သည် ကေန်ပင် ကျွန်ုပ်၏ စာရင်းကို ခင်းကျင်းခံရမည်ဟု ကျွန်ုပ် ယူဆခဲ့၏၊"ဟု ဖြစ်၏။ |

---

**(၁၀၇၆)** နိမိတ်ဆောင် **မလက့ (မလာအီကာဟ်)** ဆိုသည်မှာ လူသားစင်စစ် ပညာရှင်များကို ခေါ်ကြောင်း ၂း၃၀ တွင် ရှင်းပြပြီးဖြစ်သည်။ ထိုထက်ပို၍ သူတို့အားလုံးကို မြေမှပင် ဖြစ်တည်စေခြင်း ဖြစ်ကြောင်း ၃၇း၁၁ တွင် အတိအကျ ဆိုထားပေသည်။ ဤသုတ်တော်သည် သုတ်တော် ၁၆ ပါ မိုးကောင်းကင် ကြေမွပျက်စီးသွားသောအခါ၊ နံ့ပတ် ရှစ်ခုမြောက်သည် ရှိနေမည်ဟု ဆိုပေသည်။ ဆိုလိုသည်မှာ မိုးကောင်းကင်ကို စဉ်ဆက် မပြတ်သော (အာရ်ဗီဂဏန်းအားဖြင့် ခုနစ်ဆက်မြောက်) အရာ ဟု ဆိုထားသဖြင့်– ဤနေရာ၌ ရှစ်ခုမြောက်ဟု သုံးထားခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် လူသားပညာရှင်များသည် ဤကမ္ဘာဂြိုလ် ပျက်စီးသွားသော အခါ အခြားသော ကမ္ဘာဂြိုလ်တစ်ခုတွင် လူသားများ နေထိုင်နိုင်ရန် ပြုလုပ် စီမံနိုင်မည်ဟု ပြောဆိုထားခြင်းပင် ဖြစ်ပေသည်။ ၎င်းကို ၁၄း၄၈ နှင့် ၁၅း၁၅ တို့တွင်လည်း အတိအကျ ဆိုထားပေသည်။ ဤသုတ်တော်မှ ပြောဆိုသော ထို မလာအီကာဟ်တို့သည် နံ့ပတ်ရှစ်အား ထမ်းရွက်ကြမည် ဆိုခြင်းမှာ ထိုဂြိုလ်ကမ္ဘာကြီးအား ထမ်းထားရခြင်း မဟုတ်ချေ။ ထိုဂြိုလ်ကမ္ဘာပေါ်မှ တာဝန်များကို ထမ်းဆောင်ရခြင်းကိုသာ ဆိုလိုပေသည်။

| | |
|---|---|
| ၂၁။ | فَهُوَ فِي عِيشَةٍ رَّاضِيَةٍ۞<br>သို့ဖြင့် သူသည် ကျေနပ်နှစ်သက်သော ဘဝဖြင့် ဖြစ်စေ၍၊ |
| ၂၂။ | فِي جَنَّةٍ عَالِيَةٍ۞<br>မြင့်မြတ်သော ဥယျာဉ်ဘုံ၌၊ |
| ၂၃။ | قُطُوفُهَا دَانِيَةٌ۞<br>အလှမ်းမှီသော သစ်သီးစုံများဖြင့်– |
| ၂၄။ | كُلُوا وَاشْرَبُوا هَنِيئًا بِمَا أَسْلَفْتُمْ فِي الْأَيَّامِ الْخَالِيَةِ۞<br>သင်တို့၏ အတိတ် နေ့ကာလများမှာ ပြန်ပေးခြင်းအတွက် စိတ်ချမ်းမြေ့စွာ စားစေ သောက်စေ၏။ |
| ၂၅။ | وَأَمَّا مَنْ أُوتِيَ كِتَابَهُ بِشِمَالِهِ فَيَقُولُ يَا لَيْتَنِي لَمْ أُوتَ كِتَابِيَهْ۞<br>သူ၏ မှတ်တမ်းအား သူ၏ လက်ဝဲလက်သို့ ပေးခံရအံ့၊ သူက ပြောမည်မှာ "ကျွန်ုပ်များနှယ်၊ စာအုပ်ကို အပေးမခံရပါလေစ၊ |
| ၂၆။ | وَلَمْ أَدْرِ مَا حِسَابِيَهْ۞<br>ကျွန်ုပ်၏ စာရင်း မည်သို့ ဖြစ်မည်ကို မမျှော်လင့်တတ်ပြီတကား၊– |
| ၂၇။ | يَا لَيْتَهَا كَانَتِ الْقَاضِيَةَ۞<br>အလိုနှယ်– အပြီးတိုင် သေခဲ့ရလျှင် ကောင်းလေစွ၊ |
| ၂၈။ | مَا أَغْنَىٰ عَنِّي مَالِيَهْ۞<br>ကျွန်ုပ်၏ ပြည့်စုံမှုသည် အထောက်မမှီခဲ့ပြီ။ |
| ၂၉။ | هَلَكَ عَنِّي سُلْطَانِيَهْ۞<br>ကျွန်ုပ်၏ တန်ခိုးအာဏာသည် ဖယ်ခွာသွားလေပြီ၊"ဟု ဖြစ်၏။ |
| ၃၀။ | خُذُوهُ فَغُلُّوهُ۞<br>"သူ့အား ဖမ်းဆီး ချုပ်နှောင်လော့– |
| ၃၁။ | ثُمَّ الْجَحِيمَ صَلُّوهُ۞<br>ထို့နောက် ငရဲဘုံအား လောင်ကျွမ်းစေလော့– |
| ၃၂။ | ثُمَّ فِي سِلْسِلَةٍ ذَرْعُهَا سَبْعُونَ ذِرَاعًا فَاسْلُكُوهُ۞<br>သူ့အား အတောင် ခုနစ်ဆယ် ရှည်သော သံကြိုးထဲ၌ ရစ်နှောင်ချည်ငင်လော့။[၁၀၇၇] |
| ၃၃။ | إِنَّهُ كَانَ لَا يُؤْمِنُ بِاللَّهِ الْعَظِيمِ۞<br>သူသည် အလွန် ကြီးကျယ်တော်မူသော ပရမတ်ဘုရားရှင်အား မယုံကြည်ခဲ့ချေ။ |

**(၁၀၇၇)** အတောင်ခုနစ်ဆယ် ရှည်သော သံကြိုး ဆိုသည်မှာ လူသားတို့၏ ယေဘုယျ သက်တမ်းကို ဆိုလိုခြင်း ဖြစ်သည်။ လူသားတို့၏ ယေဘုယျ သက်တမ်းမှာ အသက် ၇၀ ဖြစ်ပေသည်။ သူ့သက်တမ်း တစ်လျှောက် ကျင့်ဆောင်ခဲ့ခြင်းသည် သူ့အား ပြန်လည် ရစ်ပတ်စေသည်။

| | |
|---|---|
| ၃၄။ | وَلَا يَحُضُّ عَلَى طَعَامِ الْمِسْكِينِ۞<br>သူသည် သူဆင်းရဲတို့အား ကျွေးမွေးရန်လည်း မတိုက်တွန်းခဲ့ချေ။ |
| ၃၅။ | فَلَيْسَ لَهُ الْيَوْمَ هَاهُنَا حَمِيمٌ۞<br>သို့ဖြစ်၍ သူ့အတွက် ဤနေ့ကာလ၌ မိတ်ဆွေကောင်း မရှိတော့ချေ။ |
| ၃၆။ | وَلَا طَعَامٌ إِلَّا مِنْ غِسْلِينٍ۞<br>သူ့အတွက် အပုပ်အသိုးမှ အပ ကျွေးမွေးခံရခြင်း မရှိချေ။ |
| ၃၇။ | لَا يَأْكُلُهُ إِلَّا الْخَاطِؤُونَ۞<br>၎င်းကို အပြစ်ကောင်တို့မှအပ စားသုံးရခြင်း မရှိချေ။ |
| ၃၈။ | فَلَا أُقْسِمُ بِمَا تُبْصِرُونَ۞<br>ငါ တိုင်တည် ကျိန်ဆိုသည်မှာ– သင်တို့ မြင်တွေ့ရသည်များ– |
| ၃၉။ | وَمَا لَا تُبْصِرُونَ۞<br>သင်တို့ မမြင်တွေ့ရသည်များ ဖြစ်၍– |
| ၄၀။ | إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ۞<br>ဤသည် ကျက်သရေရှိသော ဥဇ္ဇာစဉ်တော်ဆောင်၏ နှုတ်ထွက်ဖြစ်၏။ |
| ၄၁။ | وَمَا هُوَ بِقَوْلِ شَاعِرٍ قَلِيلًا مَا تُؤْمِنُونَ۞<br>ယင်းသည် ကဗျာဆရာ၏ စကားမဟုတ်၊ သို့သော် အနည်းငယ်မျှကိုသာ သင်တို့ ယုံကြည်ကြကုန်၏။ |
| ၄၂။ | وَلَا بِقَوْلِ كَاهِنٍ قَلِيلًا مَا تَذَكَّرُونَ۞<br>ဗေဒင်ဆရာ၏ စကားမဟုတ်၊ သို့သော် အနည်းငယ်မျှကိုသာ သင်တို့ သတိရကြကုန်၏။ |
| ၄၃။ | تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ۞<br>လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။ |
| ၄၄။ | وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْأَقَاوِيلِ۞<br>အကယ်၍ သူသည် ငါအရှင်၏ ပြောဆိုခြင်းမှ လှည့်စားပြောဆိုခဲ့လျှင်– |
| ၄၅။<br>☆၃၉း၆၇ | لَأَخَذْنَا مِنْهُ بِالْيَمِينِ۞<br>ငါသည် သူ၏ ညာဇာကို☆ သုတ်ငင်လျှက်– |
| ၄၆။ | ثُمَّ لَقَطَعْنَا مِنْهُ الْوَتِينَ۞<br>သူ၏ နှလုံးသွေးကြောကို ဖြတ်တောက်လေလတ္တံ့။[၁၀၇၈] |

**(၁၀၇၈)** ကိုယ်တော်မုဟမ္မဒ်သည် သဗ္ဗညုဉာဏ်တော်၏ ဇစ်မြစ် ပရမတ်ဘုရားရှင်အား တိုက်ရိုက် ဆိုက်ရောက် သိရှိခွင့် မရခဲ့လျှင် ကျမ်းမြတ်ကုရ်အာန်တည်းဟူသော ဒေသနာအား ဤကဲ့သို့ မားမားမတ်ကြေငြာနိုင်မည် မဟုတ်ချေ။ ကျမ်းမြတ်ကုရ်အာန်အား ကြေငြာသောကြောင့် ကိုယ်တော်သည် ဖေါ်ပြနိုင်စွမ်း မရှိလောက်သော ဒုက္ခပေးခြင်း အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရပေသည်။ အနိုင်ကျင့်ခံရခြင်း၊ အရူးဟု စွပ်စွဲခံရခြင်း၊ ဇာတိမြေမှ ထွက်ပြေးရခြင်း၊ နောက်ဆုံးတွင် ဥပါယ်တမည်ဖြင့် စည်းရုံးခံရခြင်းများကို ခံခဲ့ရပေသည်။ အကယ်၍ ကိုယ်တော်သည် သဗ္ဗညုဉာဏ် အစစ်မဟုတ်ဘဲ လုပ်ကြံ

| | |
|---|---|
| ၄၇။ | فَمَا مِنكُم مِّنْ أَحَدٍ عَنْهُ حَاجِزِينَ۞<br>သင်တို့အနက် မည်သူ တစ်ယောက်မျှ ငါ့အား ဆွဲငင်ထားနိုင်မည် မဟုတ်ချေ။ |
| ၄၈။ | وَإِنَّهُ لَتَذْكِرَةٌ لِّلْمُتَّقِينَ۞<br>ကေန်ပင် ဤသည် စည်းစောင့်သူများအတွက် သတိပေးတရားတော် ဖြစ်၏။ |
| ၄၉။ | وَإِنَّا لَنَعْلَمُ أَنَّ مِنكُم مُّكَذِّبِينَ۞<br>ကေန်ပင် သင်တို့အနက် ငြင်းဆန်သူများ ရှိသည်ကို ငါ ကောင်းစွာ သိနေတော်မူ၏။ |
| ၅၀။<br>ကုရ်အာန် | وَإِنَّهُ لَحَسْرَةٌ عَلَى الْكَافِرِينَ۞<br>ကေန်ပင် **၎င်း**သည် ဖုံးကွယ်သူတို့အဘို ပူဆွေးရစရာ ဖြစ်၏။ |
| ၅၁။<br>ကုရ်အာန် | وَإِنَّهُ لَحَقُّ الْيَقِينِ۞<br>ကေန်ပင် **၎င်း**သည် ပရမတ္ထသစ္စာ ဖြစ်၏။[၁၀၇၉] |
| ၅၂။ | فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۞<br>သို့ဖြစ်၍၊ ကြီးကျယ်လှစွာသော ကံကြမ္မာရှင်၏ ဂုဏ်တော်အား ဦးထိပ်ထားလော့။ |

---

ဖန်တီးကာ လူသားတို့အား လှည့်စားခဲ့လျှင် နှလုံးရောဂါဖြစ်၍ သေဆုံးသွားနိုင်ဘွယ်ရှိပေသည်။ သို့သော် ကိုယ်တော် ကိုယ်တိုင် တရားစစ် တရားမှန်ကို ကိုယ်တိုင် ဆိုက်ရောက်သိရှိခွင့်ရခဲ့ကြောင်း ဤသုတ်တော်က ဖော်ပြလျှက် ရှိနေပေသည်။
သမ္မာကျမ်းစာ၏ တရာဟောရာကျမ်း ၁၈း၁၈ တွင် မောရှေကဲ့သို့ ပရောဖက်တစ်ပါး ပွင့်ဦးမည်ဟု ပြောထား၍၊ ၁၈း၂၀ တွင် “ငါမမှာထားဘဲ ငါ့အခွင့်ကိုဆောင်၍ ရဲရင့်စွာ ဟောပြောသော ပရောဖက်၊ အခြားတပါးသော ဘုရားအခွင့်နှင့် ဟောပြောသော ပရောဖက်သည် အသေသတ်ခြင်းကို ခံရမည်ဟု ငါ့အား မိန့်တော်မူ၏၊”ဟု အတိအကျ ဆိုထားပေသည်။ ရှင်မဿဲ ၇း၁၉ တွင် “ကောင်းသော အသီးမသီးသော အပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်တတ်၏၊”ဟု မိစ္ဆာပရောဖက်တို့ အကြောင်းကို ဟောထားပေရာ– ခုတ်လှဲ၍ မီးထဲသို့ ပစ်ချခြင်း မခံရသော ကိုယ်တော်မုဟမ္မဒ်သည် ပရောဖက် အစစ်အမှန်ဖြစ်ကြောင်းကို သက်သေတည်လျှက် ရှိပေသည်။
**(၁၀၇၉)** ကျမ်းမြတ်ကုရ်အာန်သည် သစ္စာတရားကို ပြသော– ပရမတ္ထမှန်ကန်သည့် လမ်းစဉ် ဖြစ်ကြောင်း ဤသုတ်တော်က တိတိကျကျ အာမခံထားပေသည်။ လူသားဘဝ တည်ဆောက်မှု လမ်းစဉ်အား သွန်သင်သည့် ကမ္ဘာပေါ်ရှိ ကျမ်းများအားလုံးတွင် ကျမ်းမြတ်ကုရ်အာန်မှအပ အခြားသော အာမခံချက် ပေးနိုင်သည့် ကျမ်းဟူ၍ မရှိပေ။